အောင်ဘိတ်သိတ်ကျေးရွာ၊ ပျဉ်းမနားမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၅–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အောင်ဘိတ်သိတ်ကျေးရွာ၊ ပျဉ်းမနားမြို့နယ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကူညီရေးဆွဲသည်

မာတိကာ

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

မာတိကာ

အတိုကောက် စကားလုံးများ

စကားချီး ၃

အောင်ဘိတ်သိတ်ကျေးရွာမြေပုံ၊ ပျဉ်းမနားမြို့နယ် ၅

(၁) နိဒါန်း (ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ရည်ရွယ်ချက် နှင့် လွှမ်းခြုံသက်ရောက်မှု) ၇

(၂) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ ၁၀

(၃) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅

(၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် အဟန့်အတားများ ၂၉

(၅) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၃၁

(၆) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၃၂

(၇) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ ၃၅

(၈) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ဗျူဟာ ၃၆

(၉) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၄၁

(၁၁) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာစီမံလုပ်ကိုင်နည်း ၄၂

အတိုချုပ်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသော ဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MOAI	လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
MoLFRD	မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDC	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
VTDSC	ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါတယ်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး

ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက် အလက်များပါဝင်ပါသည်။

ဇူလိုင်လ(၁)ရက်၊၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အောင်ဘိတ်သိက်ကျေးရွာ
ပျဉ်းမနားမြို့နယ်

အောင်ဘိသိတ်ကျေးရွာမြေပုံ

ပျဉ်းမနားမြို့နယ်


ပျဉ်းမနား
ဇာတ်ခွဲ - 27.5.2015
ကုန်းတော
ကုန်းတော
ကုန်း
ကုန်း
ကုန်း

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(၁.၁) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ပြောကြားချက်များအရ ကျွန်ုပ်တို့ကျေးရွာတွင် စတင်လုပ်ဆောင်သည့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရ ဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့ အစည်းများ၏ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားပြီး ချမှတ်လုပ်ဆောင်သည့် တစ်နိုင်ငံလုံးလွှမ်းခြုံသက်ရောက်နိုင်သည့် နိုင်ငံတော်၏ အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် နိုင်ငံတော်၏ အကူ အညီများဖြင့် ရေးဆွဲခဲ့သော အစီအစဉ်ဖြစ်သကဲ့သို့ ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင် ရေးဆွဲခဲ့သော အစီအစဉ်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ မျှော်မှန်းချက်ပန်းတိုင်များ ဖော်ထုတ်ရေးဆွဲနိုင်ရေး၊ မိသားစုများ၏ ဘဝများ တိုးတက်ရေး၊ ရွာသူရွာသားတစ်ဦးချင်းစီ၏ အစွမ်းအစများတိုးတက်ရေး၊ ဆင်းရဲမှုနှင့် ထိခိုက် သက်ရောက်လွယ်မှုများ လျှော့နည်းပျောက်ရေးတို့အတွက် ဤအစီအစဉ်ရေးဆွဲရာတွင် ကျေးရွာလူထုသည် ၎င်းတို့၏ အမြင်များ၊ စိတ်ကူးများဖော်ထုတ်၍ ရေးဆွဲခဲ့ကြပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် ကျေးရွာလူထုနှင့် ရွာရှိအစုအဖွဲ့များ၏ စွမ်းရည်ကို မြှင့်တင်ပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းလမ်း များ၊ လုပ်ငန်းစဉ်များ၊ အသုံးပြုသည့်လုပ်ထုံးလုပ်နည်းများသည် ကျေးရွာလူထု၏ အောက်ပါ စွမ်းရည်များ တိုးတက်လာစေပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးနှင့် စီမံအုပ်ချုပ်မှု စနစ်တိုးတက်ရေး၊ ရွာရှိအရင်းအမြစ်များကို စနစ်တကျ အသုံးချနိုင်ရန် အဆင်သင့်ဖြစ်စေရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည် ဖော်ရေးစသည့် စွမ်းရည်များကို တိုးတက်လာစေမည်ဟု သိရပါသည်။

ဤအစီအစဉ်တွင်ရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများနှင့်ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် အစီအစဉ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျင့်သုံးရမည့် ဗျူဟာနှင့် ကျေးရွာအဆင့်တွင် ပံ့ပိုးရမည့် အစီအစဉ်နှင့်စီမံကိန်းများကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ဤအစီအစဉ်မှတ်တမ်းသည် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်လုပ်ငန်းအဖွဲ့များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုလည်း ရရှိရန်ဦးတည်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အောက်ပါအသုံးဝင်မှုများကို သိရှိစေရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်-

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

- ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စု အထောက်အကူပြု ကော်မတီ (VTDSC)၊
- မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဦးစီးဌာနများ၊
- ခရိုင်ရုံးများ၊
- ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ။

ဤအစီအစဉ်သည် မြို့နယ်အဆင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအနေဖြင့် ကျေးရွာလူထုအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများသတ်မှတ်ခြင်း၊ နည်းပညာအထောက်အပံ့များပေးခြင်း၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာဝန်ဆောင်မှုများပေးခြင်းတို့ဆောင်ရွက်ရာတွင် ကိုးကားရမည့် မူဘောင်တစ်ခု ဖြစ်ပါမည်။

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ထိုသို့ တင်ပြခြင်းဖြင့် ၎င်းအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာအတွက် မူဝါဒဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့ဆိုင်ရာ အကူအညီများကို ပြင်ဆင်ဆောင်ရွက် ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် စနစ်တကျ ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများအတွက် အသုံးဝင်မှုအနေဖြင့် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ၎င်းတို့၏သုတေသနလုပ်ငန်းများ၊ပြောင်းလဲအသုံးပြုရမည့် နည်းပညာများ၊ ဆက်စပ်သုတေသန လုပ်ငန်းများနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ဤအစီအစဉ်သည် မီဒီယာများ၊ အခြားဆက်သွယ်ရေးဌာနများနှင့် ထောက်ပံ့ရေးအဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

ဤအစီအစဉ်သည် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေး ဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေမည်။ အထူးသဖြင့် ၎င်းတို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။ ထို့ပြင် ၎င်းတို့ပံ့ပိုးလိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီကို မြို့နယ်အဆင့်တွင် ညှိနှိုင်းဆောင်ရွက်နိုင်လာပါမည်။

(၁.၂) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်

အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

(၂.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများ

ကျေးရွာတွင်မိသားစု (၇၇) စုရှိပြီး လူဦးရေစုစုပေါင်း(၃၁၀) ဦး ရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၄-၅) ဦးအထိရှိပါသည်။ အသက်၁၅နှစ်မှ၆၀နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေ ၆၄ % ရှိပြီး၁၅နှစ်အောက် လူဦးရေနှင့် အသက် ၆၀နှစ်အထက် လူဦးရေ စုစုပေါင်း၃၆%သည် မှီခိုသူများ ဖြစ်ကြပါသည်။ အထူးသဖြင့် မှီခိုသူစုစုပေါင်းမှာ ၄င်းတို့၏ အနေအထားအရ အစားအစာနှင့် အခြေခံလိုအပ်ချက်များအတွက် ၄င်းတို့၏ မိသားစုများ အပေါ်တွင် မှီခိုမှုပြုနေရသော ကြောင့်ပင် ဖြစ်ပါသည်။

ဇယား(၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများ

အသက်အုပ်စု	အသက်အရွယ်အရ ပိုင်းခြားထားပုံ	မ	ကျား	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၁	၃	၄
၁ မှ ၅ နှစ်အောက်	၁–၅ နှစ်အောက်ကလေးငယ်	၁၄	၁၁	၂၅
၅ နှစ်မှ ၉ နှစ် အကြား	မူလတန်းအရွယ်	၂၂	၂၀	၄၂
၁၅ နှစ်အောက်	ကျောင်းနေအရွယ်	၁၇	၁၀	၂၇
၁၅ နှစ်မှ ၆၀နှစ်ကြား	အလုပ်လုပ်နိုင်သောအရွယ်	၉၉	၁၀၀	၁၉၉
၆၀ နှစ် နှင့်အထက်	အသက်ကြီးရွယ်ကြီး	၁၀	၃	၁၃
စုစုပေါင်း		**၁၆၃**	**၁၄၇**	**၃၁၀**

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော

သတင်းအချက်အလက်များ (၂၇-၂၉ ၊ မေလ၊ ၂၀၁၅)

(၂.၂) အလုပ်လုပ်နိုင်သူအင်အား

အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေနှင့် အချိုးတူညီပါသည်။ အမျိုးသားနှင့် အမျိုးသမီးများမှာ လုပ်ငန်းခွင်တွင် အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အမျိုးသမီးအများစုမှာ လယ်ယာလုပ်ငန်းအပြင် မိသားစုအိမ်မှုကိစ္စ အလုပ်များ လုပ်ဆောင်ကြပါသည်။

(၂.၃) သဘာဝအရင်းအမြစ်အနေအထား

ပျဉ်းမနားမြို့မှ မိုင် (၅၀) ကွာဝေးပြီး ပင်လယ်ရေ မျက်နှာပြင် အထက် ပေ ၂၂၀၀ အမြင့်တွင် တည်ရှိ၍ စိုက်ပျိုးရေးကိုအဓိကထားလုပ်ကြပြီး ၅ ရာနှုန်းခန့်မှာ လယ်မြေများဖြစ်ပြီး အဓိကအားဖြင့်မိုးကောင်းသောက်စနစ်ဖြင့်သာစိုက်ပျိုးနိုင်ပါသည်။ ယာမြေများအနေဖြင့် ၈ ရာခိုင်နှုန်းခန့်ရှိပြီး ရွှေပြောင်းတောင်ယာများကို အများစုလုပ်ကိုင်နေကြ၍ တောင်ယာစပါးကို အဓိကစိုက်ပျိုးကြပါသည်။ ၈၇ ရာခိုင်နှုန်းမှာ ဥယျဉ်ခြံမြေများဖြစ်ပြီး အဓိကစိုက်ပျိုးသီးနှံများမှာ ကွမ်း၊ဖာလာ၊ ငရုတ်၊ငှက်ပျော၊ နာနတ်၊ လက်ဖက်တို့ကို စိုက်ပျိုးကြပါသည်။ကွမ်းမှာ အိမ်တိုင်းတွင် စိုက်ပျိုး ကြသည်။ဝင်ငွေအနေဖြင့် ဖာလာမှ အများဆုံး ရရှိကြပါသည်။

ဧယား(၂) စိုက်ပျိုးမြေ

စဉ်	မြေအမျိုးအစား	ပမာဏ (ဧက)	မြေအရည်အသွေး	ဆည်ရေရရှိမှု	ရေအရင်းအမြစ် ရရှိနိုင်မှု
၁	လယ်မြေ	၄၅	သင့်	မရှိ	မိုးကောင်းသောက်
၂	ရွှေပြောင်းတောင်ယာ	၇၁	ညံ့	မရှိ	
၃	ဥယျာဉ်ခြံမြေ	၇၇၄	ကောင်း	မရှိ	
	စုစုပေါင်း	**၈၉၀**			

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်း မှ

ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉ ၊ မေလ၊ ၂၀၁၅)

(၂.၄) ကျေးလက်မိသားစုများ၏ စီးပွားရေး အခြေအနေ

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) တွင် ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု (၇၇) စု၏ ၇၉% အထက်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ ၂၁% ခန့်မှာ မဆင်းရဲသူများဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါ

ဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ တစ်ဧကအောက် ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်များကိုလုပ်ကိုင်ကြသူများဖြစ်ပါသည်။ ချောင်လည်သော မိသားစုများသည် စိုက်ပျိုးမြေ(၅)ဧကအထက်ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်း ကိရိယာများ ပိုင်ဆိုင်သောသူများဖြစ်ကြသည်။ ဥစ္စာဓနအဆင့်ခွဲခြားမှုစံနှုန်းသတ်မှတ်ချက် အသေးစိတ်အားနောက်ဆက်တွဲ(က.၁)တွင် ဖော်ပြထား ပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ ဆင်းရဲ မညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ဇယား(၃)တွင် ကျေးရွာ အိမ်ထောင်စုများ၏ လေးပုံတစ်ပုံခန့်သည် မြေယာမဲ့များဖြစ်သည်ဟု ဖော်ပြထားပြီး ဆင်းရဲချမ်းသာ အဆင့်ခွဲခြားမှု နည်းလမ်းတွင်လည်းယေဘုယျအားဖြင့် ဆင်းရဲသည်ဟုဖော်ပြထားပါသည်။ မြေယာပိုင်ဆိုင် သူများ၏ (၉၃%) သည် မြေယာ(၅)ဧကအောက် မြေယာအနည်းငယ်ပိုင်ဆိုင်သူများဖြစ်ကြပြီး မြေပိုင်ဆိုင်သူစုစုပေါင်း၏ လေးပုံသုံးပုံခန့်မှာဆင်းရဲသားလယ်သမားများဖြစ်ပြီး(၂.၅)ဧက အောက် ပိုင်ဆိုင်ကြပါသည်။ စိုက်ပျိုးမြေအနေဖြင့် မြေလွတ်၊မြေရိုင်းများကို ထပ်မံဖေါ်ထုတ်၍ ရနိုင်ပါ သည်။ ကျွန်တော်တို့ကျေးရွာလူထုသည် ဆင်းရဲမှု၊ ထိခိုက်သက်ရောက်လွယ်မှုများမှ လွတ်မြောက်စေရေးနှင့် ကျွန်ုပ်တို့၏စီးပွားရေးအနေအထား တိုးတက်ကောင်းမွန်လာစေရန် အလို့ငှာ စိုက်ပျိုးရေးသာမက မွေးမြူရေးနှင့် အခြားသောအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။

ဇယား(၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	**မြေယာပိုင်ဆိုင်မှုပမာဏ**	**အိမ်ခြေ**	**စုစုပေါင်းအိမ်ထောင်စု %**
၁	မြေမဲ့ယာမဲ့	၂၀	၂၆ %
၂	၀-၂. ၅ ဧက (၁ ဟတ်တာ)	၁၉	၂၅ %
၃	၂.၅- ၅ ဧက (၁-၂ ဟတ်တာ)	၃	၄ %
၄	၅- ၁၂.၅) ဧက (၂-၅ ဟတ်တာ)	၁၀	၁၃ %
၅	(၁၂.၅) ဧက အထက် (၅ ဟတ်တာ အထက်)	၂၅	၃၂ %
	စုစုပေါင်း	**၇၇**	**၁၀၀ %**

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်း မှ ရရှိသောသတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

ဝမ်းစာဖူလုံမှုအနေဖြင့် လုံလောက်မှုရှိသော အနေအထားတွင်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ရေရှည်တွင်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြေလွတ်မြေရိုင်းများကို ဖော်ထုတ်နိုင်သည့် အခွင့်အရေးရှိသောကြောင့် နောင်တိုးပွားလာမည့် လူဦးရေအတွက် ဝမ်းစာဖူလုံမှုရှိရန် လုံလောက်သော အနေအထားတွင်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအားလည်း ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

(၂.၅) ထိခိုက်သက်ရောက်လွယ်မှု

(၂.၅.၁) ထိခိုက်သက်ရောက်လွယ်ဆုံး အုပ်စု

ထိခိုက်သက်ရောက်လွယ်သော အုပ်စုများမှာ ကျောင်းနေအရွယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ဆင်းရဲသည့်အိမ်ထောင်စုများ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့ကျပန်း အလုပ်သမားများဖြစ်ကြသည်။

ဇယား(၄) ထိခိုက်သက်ရောက်လွယ်သောအုပ်စု

စဉ်	အဖွဲ့	အန္တရာယ်ဖြစ်နိုင်ခြေအဆင့်	မှတ်ချက်
၁	အလယ်တန်းကျောင်းသား/ကျောင်းသူများ	နည်းပါး	မိဘနှင့်ဝေးကွာ၍ ရွာနှင့်အလှမ်း ဝေးသောကျောင်းသို့ သွားရောက်ရသောကြောင့် လမ်းခရီးတွင် အန္တရာယ်ကြုံတွေ့ရနိုင်။
၂	ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များ	အသင့်အတင့်ရှိ	ကျေးလက်ဆေးပေးခန်းရှိသားဖွားဆရာမမှာ ပုံမှန်မရှိသောကြောင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်ရာတွင် လိုအပ်သော ဝန်ဆောင်မှုများ မရရှိခြင်း။ကလေးများ ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်မှု အားနည်း။
၃	သက်ကြီးရွယ်အိုအုပ်စု	အသင့်အတင့်ရှိ	ကျန်းမာရေးအတွက်ပြုစုစောင့်ရှောက်ပေးမှု လုံလောက်စွာမရှိ၍ ။
၄	မြေယာမဲ့ဆင်းရဲသားအုပ်စုနှင့် ကျပန်းအလုပ်သမားများအုပ်စု	အသင့်အတင့်ရှိ	ပုံမှန်ဝင်ငွေမရှိသောကြောင့် စားဝတ်နေရေးအတွက် စိတ်ချရမှု မရှိခြင်း။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၂၇-၂၉၊ မေလ ၂၀၁၅)

(၂.၅.၂)တစ်ရွာလုံးအနေဖြင့်ထိခိုက်သက်ရောက်လွယ်မှုနှင့် ဖြစ်စေနိုင်မှုအခြေအနေ

ကျွန်တော်တို့ကျေးရွာလူထုအနေဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးကြောင့်ဖြစ်နိုင်သော အန္တရာယ်အမျိုးအစားများ (၁၀)မျိုး ရှိပါသည်။ ၎င်းတို့ကိုအောက်ပါ ဇယား(၅)တွင် ဖော်ပြထားပါသည်။ ဆင်းရဲသောမိသားစုအများစုသည်မြေယာမဲ့နှင့်ကျပန်းအလုပ်သမားများဖြစ်ပြီး အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လာလျှင် ရပ်တည်ရန်စွမ်းဆောင် နိုင်စွမ်းမရှိသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။

မိုးရာသီတွင် တောင်ကျချောင်းရေတိုက်စားမှုကြောင့် တောင်ပြိုခြင်း၊ရေကြီးခြင်းများကြောင့် လယ်ယာမြေများပျက်စီးခြင်း အခြေအနေများကို ကြုံတွေ့ရနိုင်ပါသည်။

ဇယား(၄) ကျေးရွာလူထုတစ်ရပ်လုံးတွင်ဘေးအန္တရာယ်ကျရောက်နိုင်မှု

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ် ကျရောက်နိုင်ခြေ အဆင့်	မှတ်ချက်
	စီးပွားရေး		
၁	စားနပ်ရိက္ခာ မဖူလုံခြင်း	အနည်းငယ်သာရှိ	မြေယာမဲ့နှင့်ကျပန်းအလုပ်သမားများသည် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ ရနိုင်ပါ သည်။
	ကျန်းမာရေး		
၂	ဒုက္ခဖျား	အနည်းငယ်သာရှိ	ဒုက္ခဖျားရောဂါဖြစ်သောအန္တရာယ်အလွန်တရာ နည်းပါး၊
၃	တီဘီရောဂါ	အနည်းငယ်သာရှိ	ကျန်းမာရေးဗဟုသုတအတော်အသင့်ရှိသော ကြောင့်ကြုံတင်ကာကွယ် နိုင်ခြင်း။
၄	ခုခံအားကျဆင်းမှု ရောဂါ	အနည်းငယ်သာရှိ	ခုခံအားကျဆင်းမှု ရောဂါအန္တရာယ် ထူပြောဒေသအတွင်း အလုပ်လုပ်ခြင်း မဟုတ် သောကြောင့်ကူးစက်မှုခံရနိုင်ခြေ နည်းပြီး ကာကွယ်သော နည်းလမ်း များ အကြောင်း ကောင်းစွာသိခြင်း။
	လူမှုရေး		
၅	လူကုန်ကူးခြင်း	ဖြစ်နိုင်ခြေနည်း	ရွာသူရွာသားများသည် ပြင်ပဒေသသို့သွားရောက်အလုပ်လုပ်ကိုင်သူနည်းပါးပါသည်။

	ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်		
၆	မိုးခေါင်ခြင်း	ဖြစ်နိုင်ခြေနည်း	အချို့နှစ်များတွင် မိုးခေါင်ခြင်းကြုံတွေ့ရလေ့ရှိ
၇	လေပြင်းမုန်တိုင်း	ဖြစ်နိုင်ခြေနည်း	မုန်တိုင်းအန္တရာယ် အခါအားလျော်စွာ ကြုံတွေ့ရနိုင်သော်လည်းပျက်စီး ဆုံးရှုံးမှု မကြီးမားပါ။
၈	ငလျင်	ဖြစ်နိုင်ခြေနည်း	ပျက်စီးဆုံးရှုံးမှုမခန့်မှန်းနိုင်ပါ။
၉	မီးဘေး	ဖြစ်နိုင်ခြေနည်း	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၁၀	မြေတိုက်စားခြင်း၊	မြင့်မား	တောင်ပေါ်ဒေသဖြစ်သောကြောင့် မိုးရာသီတွင် တောင်ပြိုမှု အန္တရာယ်များနှင့်ကြုံတွေ့ရပြီး တောင်ခြေတွင် မြေတိုက်စားမှု၊ ရေကြီးမှုများကြောင့် လယ်ခင်း/ယာခင်းများပျက်စီးခြင်း၊ သွားရေးလာရေးများခက်ခဲခြင်းတို့ကို ကြုံတွေ့နိုင်ပါသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ၊ မေလ ၊ ၂၀၁၅)

(၃) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ (Current Development Situation)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(၃.၁) ပြဿနာများနှင့်ဖြစ်ပွားရသည့်အကြောင်းရင်း အကျဉ်းချုပ်

ကျွန်ုပ်တို့ ရင်ဆိုင်ကျော်လွှားရမည့် ဖွံ့ဖြိုးရေးဆိုင်ရာပြဿနာကိစ္စရပ်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ ဖြစ်ပေါ်ရသည့်အကြောင်းရင်း အသီးသီးကိုဖော်ထုတ်ပြီး ဖြစ်နိုင်သောဖြေရှင်းနည်းများလည်း ဖော်ထုတ်ခဲ့ကြပါသည်။ ထိုမှတစ်ဆင့်ဆက်လက်လုပ်ဆောင် နိုင်ရန် သင့်တော်သောလုပ်ငန်းအစီအမံများကို ချမှတ်ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြဿနာ အကြောင်းအရာ	ဖြစ်ပေါ်စေသော အကြောင်းရင်းဇစ်မြစ်
စီမံအုပ်ချုပ်မှု • ကျေးရွာပြည်သူလူထုများအနေဖြင့် အုပ်ချုပ်သူတစ်ယောက်ကိုသာအား ကိုးမှုများပြားခြင်း။ • ကျေးရွာတွင်မိရိုးဖလာဖွဲ့စည်းထား သောအဖွဲ့များသာရှိပြီးလူမှုစီးပွားအခြေ အနေဖွံ့ဖြိုးရန်ဆောင်ရွက်မည့်ဦးဆောင် အဖွဲ့မရှိခြင်း၊ • ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်မှု အားနည်းခြင်း။	• စီမံကိန်းများဖြင့် စနစ်တကျ အကောင်ထည် ဖော်သော အခွင့်အလမ်းများမရရှိခဲ့ခြင်း၊ • အကူအညီအထောက်အပံ့အဖွဲ့များ ရောက်ရှိမှု နည်းပါးခြင်း။
စိုက်ပျိုးရေး (သီးနှံ) • ရွှေပြောင်းတောင်ယာစိုက်ခင်းများတွင် ရိတ်သိမ်းရန်အတွက်လုပ်အားခနှင့် ဥယျာဉ်ခြံစိုက်ပျိုးရန် ရင်းနှီးငွေ လိုအပ်ခြင်း။	• ပြင်ပမှ ငွေချေးသူများနှင့် ဆက်စပ်မှု မရှိကြပါ။
မွေးမြူရေး • ဝက်မွေးမြူရေးလုပ်ချင်သော်လည်း အရင်းအနှီးမရှိခြင်း။	• ပြင်ပမှငွေချေးဝန်ဆောင်မှုပေးသူများသို့ လက်လှမ်းမမီပါ၊ ဆက်စပ်မှု မရှိကြပါ။
အခြားဝင်ငွေရလုပ်ငန်းများ • ရွာသူရွာသားများမှာ လယ်၊ယာလုပ်ငန်း အပေါ်သာမှီခိုပြီး အခြားဝင်ငွေရလုပ်ငန်း များ လုပ်ကိုင်နိုင်စွမ်းမရှိခြင်း၊	• သီးနှံထွက်ကုန်အခြေပြု ကုန်ချောထုတ်လုပ်မှု ဆိုင်ရာ နည်းပညာ၊ အရင်းအနှီး၊ဈေးကွက် စသည့်အထောက်အပံ့ဖြစ်စေမည့်အခြေအနေ များမရှိခြင်း၊ • ဝန်ဆောင်မှုဈေးကွက်တွင် လုပ်ငန်းများရရှိရန် ကျွမ်းကျင်မှုများလိုအပ်ခြင်း
ပညာရေး • အလယ်တန်းကျောင်းနေရွယ်ကလေး များအလယ်တန်းကျောင်းသို့ဝေးစွာ	• ရွာတွင် မူလတန်းအဆင့်ထိသာ ရှိ၍ကျောင်းနေ ရွယ် ကလေးများ ၂၁မိုင် ဝေးသော ရေနီသို့

ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြဿနာ အကြောင်းအရာ	ဖြစ်ပေါ်စေသော အကြောင်းရင်းဇစ်မြစ်
သွားရောက်သင်ကြားရခြင်း။	အလယ်တန်း ကျောင်းသွား တက်ရခြင်း။
ကျေးရွာလမ်းပန်းဆက်သွယ်ရေး • လယ်ကွင်းသို့သွားသောလမ်းမှာ မြေနီလမ်း ဖြစ်နေ၍မိုးရာသီတွင် သွားလာရေး ခက်ခဲခြင်း။	• ယာယီအသုံးပြုရန်အတွက်သာ ရည်ရွယ်၍မြေနီလမ်းဖောက်လုပ် ထားခြင်း။
လျှပ်စစ်မီးရရှိမှု • ပင်မဓါတ်အားလိုင်းမှလျှပ်စစ်မီး မရရှိခြင်း။	• တောင်ပေါ်ဒေသဖြစ်၍ ပင်မဓါတ်အားလိုင်းမှ ရွာသို့ လျှပ်စစ်မီးရရှိအောင်ကိုယ်ပိုင်ရံပုံငွေ ဖြင့် ကုန်ကျစရိတ်မတတ်နိုင် ခြင်း။ • အစိုးရမှကူညီ ပံ့ပိုးမှုမရရှိခြင်း။

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုကျေးရွာသူ/ ကျေးရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ် ခြင်း)မှတ်တမ်း (၂၇-၂၉၊မေ ၂၀၁၅)

(၃.၂) ကျေးရွာဖွံ့ဖြိုးရေးနှင့်စီမံအုပ်ချုပ်မှု

(၃.၂.၁) လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်စီမံအုပ်ချုပ်မှု

ယခင်ကကျွန်တော်တို့၏ကျေးရွာဖွံ့ဖြိုးရေးအတွက် ဇယား(၅)ပါလုပ်ငန်းများ ကို ဦးတည် သော အစုအဖွဲ့များဖွဲ့စည်းပြီးဆောင်ရွက်ခဲ့ပါသည်။ အစုအဖွဲ့(၃)စုကို ကျွန်တော်တို့ ဘာသာ ဖွဲ့စည်းပြီး ကျေးရွာလူထုအကျိုးပြုလှုမှုရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

လှူမှုရေးအဖွဲ့များတွင် ရပ်မိရပ်ဖများ၊ အမျိုးသမီး/အမျိုးသားများနှင့် လူငယ် များပါဝင် ဖွဲ့စည်းထားပါသည်။ထို့ပြင်ကျေးရွာတာဝန်ကျသားဖွားဆရာမ၏ဦးဆောင်မှုဖြင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဖြစ်ပါ သည်။

ပညာရေးကဏ္ဍအတွက် မိဘဆရာအသင်းကိုဖွဲ့စည်းပြီး မူလတန်းပညာရေး နှင့်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ဇယား(၇) အောင်ဘိတ်သိတ်ကျေးရွာရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အဖွဲ့ဝင်ဦးရေ			အဓိကဆောင်ရွက်သောလုပ်ငန်း	စတင်ဖွဲ့စည်းသည့်ပုဂ္ဂိုလ်
		ကျား	မ	ပေါင်း		
၁	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့	၇	-	၇	ကျေးရွာအုပ်ချုပ်ရေးကိုစီမံခန့်ခွဲခြင်း။	ပြင်ပမှ ဖွဲ့စည်းပေး။
၂	အမျိုးသမီးရေးရာ	-	၉	၉	အမျိုးသမီးကဏ္ဍ	ပြင်ပမှ ဖွဲ့စည်းပေး။
၃	လူငယ်အဖွဲ့	၁၁	၂၀	၃၁	လူမှုရေးလုပ်ငန်း	ကျေးရွာသားများ
၄	မီးသတ်တပ်ဖွဲ့	၃	-	၃	မီးဘေးအန္တရာယ်ကာကွယ် တားဆီးပေး	ပြင်ပမှဖွဲ့စည်းပေး။
၅	မိဘဆရာအသင်း	၃	၆	၉	ကျောင်းသားရေးရာကိစ္စရပ်များဆောင်ရွက်ခြင်း။	ကျေးရွာသားများ။
၆	ပြည်သူ့စစ်	၁၀	-	၁၀	လုံခြုံရေးကိစ္စရပ်များ။	ပြင်ပမှဖွဲ့စည်းပေး။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ

ရရှိသောသတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

(၃.၂.၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ကျေးရွာ၏အခြေအနေကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ပါဝင်ဆန်းစစ် အကဲဖြတ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် လေ့ကျင့်ပြုလုပ်စဉ်ကာလအတွင်း ပါဝင်တက်ရောက်သူများသည် ကျေးရွာအတွင်းရှိ အစုအဖွဲ့များညီညွတ်ညွတ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဤသို့ဆောင်ရွက်ပါက ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ထိထိရောက်ရောက် အစီအစဉ်တကျဖြစ်ထွန်းမည်ကို ခံစားသိရှိလာကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးအစီအစဉ်ကျွမ်းကျင်သူအဖွဲ့၏ ရှင်းလင်းပြောကြားချက်များအပေါ်အခြေခံကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည်လုပ်ငန်းကဏ္ဍ အလိုက် ရည်ရွယ်၍ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျေးရွာသယံဇာတများအသုံးချခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း

လုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက်ကူညီပံ့ပိုးပေးပါမည်။ ထိုအချိန်မှစ၍ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်ပုံမှန် အစည်းအဝေးပြုလုပ်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ တိုင်ပင်ဆွေးနွေး ကြပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများ၏ စီမံကိန်း အချက်အလက်များပြုစုခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ထပ်မံကောက်ယူခြင်းတို့ လုပ်ဆောင် ကြမည်ဖြစ်ပါသည်။

(၃.၃)စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(၃.၃.၁) စိုက်ပျိုးရေးသီးနှံ

တောင်သူ(၁၅၀) ဦးရှိ၍ စိုက်ပျိုးမြေစုစုပေါင်း (၈၉၀.၀၉၈က) (လယ်မြေ (၄၄.၅၉) တောင်ယာမြေ(၇၁.၅) ဥယျဉ် ခြံမြေ (၇၇၄)ဧက ရှိပြီး ပျမ်းမျှတောင်သူတစ်ဦးလျှင် (၅ - ၆) ဧက ပိုင်ဆိုင်ကြပါသည်။

စပါးကိုမိုးသီးနှံအဖြစ်စိုက်ပျိုးကြပြီး တစ်ဧကလျှင်နှစ်စဉ် ပျမ်းမျှတင်း(၅၀)မှ (၇၀) ကြား ထွက်ရှိပါသည်။ ကွမ်းမှာနှစ်ရှည်သီးနှံဖြစ်၍ ၊တစ်နှစ်လျှင်၂သီးစိုက်ပျိုးနိုင်ပါသည်။ တစ်နှစ်လျှင် ကွမ်းပိသာ (၅၀၀၀)ခန့် ထွက်ရှိပါသည်။ပေ ၂၂၀၀ မြင့်သောဒေသ ဖြစ်၍ ဖာလာမှာ စိုက်ပျိုး၍ အောင်မြင်သော အပင်မျိုးဖြစ်သည်။ ဝင်ငွေမှာ ဖာလာမှ အများဆုံးရရှိပါသည်။ အခြားစိုက်ပျိုး သီးနှံများမှာငရုတ်၊ ငှက်ပျော၊ ပြောင်းဖူး၊နာနတ်နှင့် လက်ဖက်တို့ကိုလည်း စိုက်ပျိုးကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများ

ကျေးရွာတွင်းရှိလယ်သမားများ၏ကိုယ်ပိုင်လယ်ယာသုံးပစ္စည်းများမှာ-

(က) လက်တွန်းထွန်စက် (၂)ခု။

ဇယား(၈) စိုက်ပျိုးရေးအတွက်အခွင့်အလမ်းများပြဇယား

အခွင့်အလမ်းများ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(ဥပမာ-ရရှိနိုင်မှု၊ စိုက်ပျိုးနိုင်မှု)	ပလပ်မြေ၊မြေလွတ်၊မြေရိုင်းပေါကြွယ်ဝပါသည်။
ရေပမာဏ	ချောင်းမကြီးချောင်းမှ ရေကိုရရှိနိုင်ပါသည်။
သစ်ရွက်ဆွေးမြေဩနှင့် သဘာဝမြေဩ	လယ်သမားအများစုမှာခါတုခါတ်မြေဩကိုသာအသုံးပြုကြပြီး သဘာဝမြေဩကိုအသုံးမပြုကြပါ။
ချေးငွေ	မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့်ချိတ်ဆက်နိုင်
သွင်းအားစုစျေးကွက်	စိုက်ပျိုးရေးသွင်းအားစုများအတွက်ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီများမှ ဝယ်ယူသုံးစွဲနိုင်ပါသည်။
ဝန်ဆောင်မှုဆိုင်ရာ	တခါတရံတွင်မြန်မာ့လယ်ယာစိုက်ပျိုးရေးဝန်ဆောင်မှုကို ရရှိပါ

ဈေးကွက်	သည်။
ထုတ်ကုန်ရောင်း/ဝယ်မှု ဈေးကွက်	ပျဉ်းမနားနှင့်လယ်ဝေးဈေးတို့သည် ထုတ်ကုန်များ ရောင်း/ဝယ်ရာ နေရာဖြစ်ပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

တောင်သူဦးကြီးများအနေဖြင့် သဘာဝမြေဆွေး၊ မြေဩဇာကဲ့သို့သော သဘာဝ ပိုးသတ်ဆေးများကို အသုံးပြုရန်အသိပညာများတိုးပွားခြင်းဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရန် ဆောင်ရွက်ကြရပါမည်။

အခက်အခဲပြဿနာများ

လယ်သမားများအဓိကရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများမှာ-

ဇယား(၉) စိုက်ပျိုးရေးအခက်အခဲနှင့်ပြဿနာပြဇယား

အခက်အခဲနှင့် ပြဿနာ	**ဖော်ပြချက်/ရှင်းလင်းချက်**
မြေသုံးစွဲနိုင်မှု	မြေလွတ်မြေရိုင်းများပေါများသော်လည်း သစ်တောဥပဒေ အရ ကန့်သတ်မှုရှိ
ဘဏ္ဍာရေးအရင်းအနှီးသုံးစွဲနိုင်မှု	အိမ်ထောင်စုအများစုမှာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်မှ ချေးငွေမရရှိကြပါ။
ကျွမ်းကျင်လုပ်သားပြတ်လပ်မှု	ရိုပ်သိမ်းချိန်ကာလတွင်လယ်ယာလုပ်ငန်းအတွက်အလုပ်သမားလုံလောက်မှုမရှိပါ။
ဆည်သွင်းရေ	ဆည်သွင်းရေမရရှိပဲသဘာဝမိုးရေကိုသာအမှီပြုနေရပါ သည်။
မိုးရွာသွန်းခြင်းမလုံလောက်မှု	လယ်သမားများသည် မိုးခေါင်မှုကို တစ်ခါတရံ ကြုံတွေ့ ရပါသည်။
ပိုးမွှားနှင့်ရောဂါ	တခါတရံကြုံတွေ့ရပါသည်။
နည်းပညာအကူအညီနှင့် စိုက်ပျိုးရေးနည်းပညာ	လိုအပ်ချက်နှင့်ကိုက်ညီသောနည်းပညာဝန်ဆောင်မှုမရရှိပါ။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

(၃.၃.၂)မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂၀၁၅ ဧပြီလစစ်တမ်းအရ ကြက်(၈၀)ကောင်၊ ခိုင်းကျွဲ (၁၈)ကောင်၊ ဝက် (၂၀) ကောင် စုစုပေါင်း(၁၁၈)ကောင်ပိုင်ဆိုင်ကြပါသည်။

ဝက်မွေးမြူရေးသည် အမြတ်အစွန်းရှိပြီးဆင်းရဲသော အိမ်ထောင်စုများမှာ ဝက်မွေးမြူရန် ငွေကြေးတတ်နိုင်မှုမရှိကြပါ။ ရင်ဆိုင်ရမည့် အခက်အခဲမှာ ဝက်ရောဂါဆိုးရွားစွာ ကျရောက်လာခြင်းဖြစ်ပါသည်။ သို့သော်အခါအားလျော်စွာ ကာကွယ်ဆေးများစုပေါင်းထိုးနှံခြင်းအားဖြင့် ဝက်ရောဂါများဆိုးဝါးစွာကျရောက်မှုလျော့နည်းအောင်လုပ်ဆောင်နိုင်ပါသည်။

ကျွဲ၊နွားများမွေးမြူ၍ ဒေသတွင်းနှင့် အခြားဒေသများသို့ရောင်းချခြင်းသည်လည်း အကျိုးဖြစ်ထွန်းသောလုပ်ငန်းဖြစ်ပါသည်။

ကောက်ရိုးသည်ကျွဲ၊နွားများအတွက် အဓိကအစားအစာဖြစ်ပြီးကျေးရွာအတွင်းတွင် ပေါများစွာရရှိနိုင်ပါသည်။အခက်အခဲမှာ ကျွဲ၊ နွားဝယ်ယူရန်အရင်းအနှီးမတတ်နိုင်ခြင်းနှင့် ကျွဲနွားရောဂါကျရောက်တတ်ခြင်းဖြစ်ပါသည်။

ကြက်မွေးမြူရေးလုပ်ငန်းကိုစီးပွားဖြစ် လုပ်ကိုင်သော အိမ်ထောင်စုများမရှိကြပါ။

ဇယား(၁၀) မွေးမြူရေးနှင့်ပတ်သက်သော အခွင့်အလမ်းများပြဇယား

အခွင့်အလမ်းများ	**ဖော်ပြချက်/ရှင်းလင်းချက်**
တိရိစ္ဆာန်အစားစာ	ကျွဲ၊နွား၊ဝက်များအတွက် အစာများအလွယ်တကူရရှိနိုင်ပါသည်။
ရေ	ချောင်းမှရေနှင့်သဘာဝစိမ့်စမ်းရေများက တိရိစ္ဆာန်မျိုးစုံကို ရှင်သန်စေနိုင်ပါသည်။
ချေးငွေ	အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများရရှိနိုင်။
သွင်းအားစုဈေးကွက်	သွင်းအားစုများကိုပျဉ်းမနားနှင့်လယ်ဝေးဈေးမှရရှိနိုင်ပါသည်။
ဝန်ဆောင်မှုဆိုင်ရာဈေးကွက်	တိမွေးကုဝန်ထမ်းများရွာသို့တစ်ခါတစ်ရံလာပါသည်။
ထုတ်ကုန်ရောင်း/ဝယ်မှု	ပျဉ်းမနားနှင့်လယ်ဝေးဈေးများတွင် တိရိစ္ဆာန်ထွက်ထုတ်ကုန်ရောင်း/ဝယ်ခြင်းဖြင့်အကျိုးအမြတ်ရရှိနိုင်ပါသည်။
နေအိမ်ခြံဝင်းမြေနေရာ	ခြံဝင်းဧရိယာသည်မွေးမြူရေးလုပ်ငန်းအတွက်လုံလောက်ပါသည်။

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

ဇယား(၁၁) မွေးမြူရေးနှင့်ပတ်သက်သော အခက်အခဲနှင့်ပြဿနာပြဇယား

အခက်အခဲနှင့်ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေးလုပ်ငန်းများ	
ချေးငွေရရှိနိုင်မှု	ဆင်းရဲသောအိမ်ထောင်စုများအနေဖြင့်အိမ်နောက်ဖေးတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ချင်သော်လည်း ချေးငွေရရှိနိုင်မှုအခက်အခဲရှိပါသည်။
ကူးစက်ရောဂါများ ဖြစ်ပွားမှု	ရာသီအလိုက်ကူးစက်ရောဂါများမှာကြောက်နှင့်ဝက်တွင်ဖြစ်ပွားမှုရှိပါသည်။
မွေးမြူရေးပိုင်းဆိုင်ရာ ဗဟုသုတ	ကျေးရွာသားများအနေဖြင့်မွေးမြူရေးပိုင်းဆိုင်ရာဗဟု သုတလုံလောက်မှုမရှိကြပါ။

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

(၃.၃.၃)စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

တောင်သူလယ်သမားများ၏အမျိုးသမီးများ၊ မြေမဲ့ယာမဲ့နှင့်ရာသီအလိုက်စိုက်ပျိုးရေးအလုပ်သမားများသည် အောက်တွင်ဖော်ပြထားသော ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြပါသည်။

ဇယား(၁၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	ကျေးလက်ဒေသထုတ်ကုန်	အရေအတွက်	ဈေးကွက်အလားအလာ (နိမ့်၊ မြင့်၊ သင့်)
၁	ဝန်ဆောင်မှု စီးပွားရေး လုပ်ငန်းများ	၁	(နိမ့်) ဆံပင်ညှပ်ဆိုင်တစ်ဆိုင်
၂	ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူကျွမ်းကျင်လုပ်သား	၂	(သင့်) ပန်းရံသမား(၂)ယောက်
၃	ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူလုပ်သား	၁၀	(နိမ့်)
၄	သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ	၄	(သင့်) ဆိုင်ကယ်တက္ကစီ
၅	လက်လီကုန်စုံဆိုင်	၂	(သင့်)
၆	အစိုးရဝန်ထမ်း	၁	(သင့်)

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အလားအလာများ၊ အခက်အခဲနှင့် ပြဿနာများ

ဇယား(၁၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

အလားအလာများ	အခက်အခဲနှင့်ပြဿနာ
•ကျေးရွာသူ/သားများသည် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တက်ရောက်ရန် စိတ်အားထက်သန်မှုရှိခြင်း။ •ပျဉ်းမနားဈေးနှင့်နီးခြင်းကုန်ချောအဆင့်မြှင့်တင်ခြင်းနှင့်ရောင်းဝယ်ခြင်းတို့အတွက် ကုန်ကြမ်းများ (ဥယျဉ်ခြံ ထုတ်ကုန်များ) ရရှိနိုင်ခြင်း။	•ရွာတွင်အသက်မွေးဝမ်း ကျောင်းများမရှိခြင်း။ •ထုတ်ကုန်အနည်းငယ်မျှသာထုတ်လုပ်နိုင်ခြင်း ။ •ကုန်ချောအဆင့်မြှင့်တင်ခြင်းနှင့် ရောင်း ဝယ်ခြင်းတို့အတွက်နည်းပညာနှင့် အသိပညာအားနည်းခြင်း။

ကျွမ်းကျင်လုပ်သားနှင့်အလုပ်ကြမ်းလုပ်သားများ

ကျေးရွာတွင်အလုပ်ကြမ်းနှင့် တစ်ချို့တစ်ဝက်လုပ်ငန်းကျွမ်းကျင်သော နေ့စား လုပ်သား (၃၀)ခန့်ရှိပြီး နေ့စဉ်ပျမ်းမျှဝင်ငွေ (၂၅၀၀)ကျပ်ရရှိကြပါသည်။

(၃.၃.၄) ကုန်စည်ဈေးကွက်နှင့်ဝန်ဆောင်မှု

လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကြောင့် ကျေးရွာသားများအနေဖြင့် ၎င်းတို့၏ကုန်စည်နှင့် ဝန်ဆောင်မှုအတွက်လက်လှမ်းမီနိုင်ပါသည်။
အောက်ပါဇယားတွင် ဈေးကွက်လက်လှမ်းမီမှုကိုဖော်ပြထားပါသည်-

ဇယား(၁၄) ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

စဉ်	ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေးကွက်	လက်ကားဈေးကွက်
၁	ကျေးရွာမှအကွာအဝေး (ကီလိုမီတာ)	ရေနီသို့(၃၄)ကီလိုမီတာ	ပျဉ်းမနား သို့(၈၀.၅) ကီလိုမီတာ
၂	ဈေးကွက်သို့သယ်ယူပို့ဆောင်ရေး	ကျောက်ခင်းလမ်း	ကျောက်ခင်းလမ်း
၃	ရရှိနိုင်သောကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုများ	အစားအစာ၊ အဝတ်အစား၊ အခြားသော အမယ် မျိုးစုံ	အစားအစာ၊ အဝတ်အစား၊ အခြားသော အမယ်မျိုးစုံ
၄	ဈေးအဆောက်အဦးအခြေအနေနှင့်ဝန်ဆောင်မှု	ကောင်း	ကောင်း

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုရွာသူရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၄-၆၊ ဧပြီလ၊ ၂၀၁၅)

၃.၃.၅။ ငွေကြေးကဏ္ဍနှင့်ဘဏ်လုပ်ငန်း

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ သို့သော် လက်ရှိအချိန်အထိ တောင်သူများအနေဖြင့် ချေးငွေနှင့်ပတ်သက်သော အဖွဲ့အစည်းများနှင့် အချိတ်အဆက် မရရှိပေ။အသေးစား ချေးငွေများကိုလည်း လက်လှမ်းမှီမှုမရှိသေးပေ။

(၃.၄) ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှု

(၃.၄.၁) ပညာရေးနှင့်စာတတ်မြောက်မှု

စာတတ်မြောက်မှု

စာတတ်မြောက်မှုဆိုလျှင် လူတိုင်းနီးပါးရေးတတ်၊ ဖတ်တတ်ကြပါသည်။ အခြေခံအတွက်အချက်ကိုတတ်မြောက်ကြပါသည်။ စာမဖတ်တတ်သူမှာ စုစုပေါင်း (၁၀) ဦးရှိပါသည်။ အမျိုးသမီး(၂)ဦး သည် တက္ကသိုလ်တက်ရောက်နေပါသည်။တက္ကသိုလ်ဘွဲ့ရသူဦးရေမှာ ကျား (၅) မ (၃) စုစုပေါင်း (၈) ဦး ဖြစ်ပါ သည်။တစ်ဦးမှာ ပျဉ်းမနားမြို့နယ်တွင် ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင် နေပါသည်။

မူလတန်းကျောင်း

မူလတန်းကျောင်းနေအရွယ်ကျောင်းသား/သူ (၄၈)ဦးရှိပြီး၊၎င်းတို့အားလုံး (၁၀၀)% သည် ကျေးရွာမူလတန်းကျောင်းတွင်တက်ရောက်ပညာသင်ကြားနေပါသည်။ ကျောင်းသား(၃၄) ဦး ခန့်သည်ပျဉ်းမနားမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲသို့သွားရောက်ပညာသင်ကြားနေကြပါသည်။

အောက်တွင်ဖော်ပြထားသည်များမှာ ကျေးရွာမူလတန်းကျောင်း၏ လက်ရှိအခြေအနေများ ဖြစ်ပါသည်။

ဇယား(၁၅) ကျေးရွာရှိမူလတန်းကျောင်း၏လက်ရှိအခြေအနေများ

စဉ်	အသုံးအဆောင်/အထောက်အပံ့	မူလတန်းဆောင်
၁	ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာအတွင်း
၂	အရွယ်အစား(အလျား×အနံ×အမြင့်)	၂၅ ပေ× ၉၀ပေ×၂၂ပေ

၃	အမိုး၊ အကာ၊ အခင်းအမျိုးအစား	သွပ်မိုး၊ အုပ်ညှပ်၊ ကွန်ကရစ်ခင်း
၄	ပရိဘောဂပစ္စည်း (လုံလောက်/မလုံလောက်)	မလုံလောက်
၅	ဆရာအရေအတွက်	ဆရာမ (၃)ဦး၊ ဆရာ(၁)ဦး၊ စုစုပေါင်း (၄)ဦး

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

ကျေးရွာရှိ စာသင်ခန်းများမှာ အခန်းကန့်ထားခြင်းမရှိပါ။ကျောင်းသုံးပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိ၍ ရွာသူရွာသားများမှ သင့်တော်သော ပစ္စည်း ကိရိယာများ နှင့် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများ ပြည့်စုံရန်အလို ရှိကြပါသည်။

(၃.၅) ကျန်းမာရေးနှင့် အာဟာရ

အဖြစ်များသောရောဂါများ

အဖြစ်များသော ရောဂါမှာ မိုးရာသီတွင် တုတ်ကွေး၊ချောင်းဆိုး ရောဂါအဖြစ်များခြင်းမှ အပ အခြားကြီးကြီးမားမား ရောဂါ ဖြစ်ပွားမှု မရှိပါ။

ကျန်းမာရေးအထောက်အပံ့များ

ကျွန်ုပ်တို့၏ ကျေးရွာတွင်ကျန်းမာရေး ဆေးပေးခန်း(၁)လုံးရှိ၍ ခိုင်ခံ့မှုမရှိပါ။ ကျန်းမာရေးဆရာမ (၁) ဦးသာရှိ၍ ဝန်ဆောင်မှုမှာလည်း လုံလောက်မှုမရှိပါ။ ဆေးဝါး အထောက်အပံ့မှာလည်း လုံလောက်မှုမရှိပါ။ တစ်ရွာလုံးသည် ကျေးရွာမှ၅ကီလိုမီတာ အကွာ အဝေးရှိ ရေနီမြို့ရှိတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနိုင်သကဲ့သို့ရွာမှ (၄၈)ကီလိုမီတာ အကွာအဝေးရှိ လယ်ဝေးမြို့နယ်ရှိ ဆေးရုံနှင့်ဆေးဆိုင်များတွင်လည်း လိုအပ်သောကျန်းမာရေး ဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ရေနှင့်သန့်ရှင်းရေး

တစ်ရွာလုံးအတွက် သောက်သုံးရေလုံလောက်မှုရှိပါသည်။ သောက်ရေ၊ သုံးရေ၊ချိုးရေ အတွက် တောင်ကျချောင်းရေ မှ ရေကို ပိုက်များဖြင့် သွယ်တန်း၍ရေကန်(၆) ကန် ရှိပြီး (၁၂)လုံး လုံလောက်စွာရရှိနိုင်ပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ အသုံးပြုသော နေအိမ် (၆၅) လုံးရှိကာ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် သုံးရေလုံလောက်ပါသည်။

(၃.၆) သဘာဝပတ်ဝန်းကျင်၊ သဘာဝဘေးအန္တရာယ်လျော့ချရေးအပါအဝင် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များနှင့်ပတ်သက်၍အောက်ဖော်ပြပါအတိုင်း ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

ဇယား(၁၆) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များနှင့်ကြုံတွေ့ရမှုများ

စဉ်	ပြဿနာ	အန္တရာယ်အဆင့် သတ်မှတ်ချက်	ဖြေရှင်းချက်/ရှင်းလင်းချက်
	သဘာဝသယံဇာတများစီမံခန့်ခွဲခြင်း		
၁	မြေဆီသြဇာ	မြင့်	ဓာတုမြေဩဇာနှင့်ပိုးသတ်ဆေးအသုံးပြုခြင်းနှင့်ရေတိုက်စားမှုကြောင့်မြေဆီလွှာ ပျက်စီးခြင်း
၂	သီးနှံဖျက်ပိုးနှင့်ရောဂါနှိမ်နင်းသော အလေ့အကျင့်များ	မြင့်	သီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းမရှိ။ ဓာတုဆေးများအပေါ်မှီခိုလွန်းခြင်း။
၃	အမှိုက်စွန့်ပစ်မှုစနစ်	မြင့်	ရိုးရာအလေ့အထအတိုင်းအမှိုက်စွန့်ပစ်ခြင်းနှင့်စနစ်တကျအမှိုက်စွန့်ပစ်မှုပိုင်းဆိုင်ရာ စီမံမှုမရှိခြင်း။
၄	ရေအရင်းအမြစ်	လတ်	တောင်ပေါ်ဒေသဖြစ်၍ရေအရင်းအမြစ်ရှားပါးခြင်း။
	ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ		
၅	မိုးခေါင်ခြင်း	လတ်	ရာသီဥတုအပြောင်းအလဲကြောင့် တစ်ခါတစ်ရံမိုးခေါင်ခြင်း
၆	အအေးလွန်ကဲခြင်း	နိမ့်	-
၇	တိရိစ္ဆာန်ရောဂါဖြစ်ပွားမှု	လတ်	ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

(၃.၇) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာအောက်ပါအတိုင်းဖြစ်ပါသည်-

ဇယား(၁၇)လမ်းပန်းဆက်သွယ်ရေးကဏ္ဍပြဇယား

စဉ်	လမ်းအမျိုးအစား	အမျိုးအစား	အခြေအနေ	အသုံးပြုနိုင်မှု	ယာဉ်အမျိုးအစား
၁	ရွာမှမြို့သွားလမ်း	ကတ္တရာလမ်း	ကောင်းမွန်	တစ်နှစ်ပတ်လုံး	ယာဉ်အားလုံးသွားနိုင်
၂	ရွာပတ်လမ်း	ကျောက်လမ်း	အသင့်အတင့်	နွေ	နွားလှည်း၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

ရေနီနှင့် ပျဉ်းမနားမြို့သို့သွားသော ကားလမ်းမှာ တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး အများအားဖြင့်မော်တော်ဆိုင်ကယ်နှင့် သွားလာကြပါသည်။ ကျေးရွာအတွင်းရှိ လယ်ကွင်းသို့ သွားရောက်ရာလမ်းရွာလယ်လမ်းမှာ မြေနီလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရေးခက်ခဲမှု ရှိပါသည်။

(၃.၈) လျှပ်စစ်မီးရရှိမှု

ဇယား(၁၈) လျှပ်စစ်မီးရရှိမှုပြဇယား

လျှပ်စစ်မီးရရှိမှု	အိမ်ထောင်စု	အခြေအနေ	မှတ်ချက်
နိုင်ငံတော်ဓါတ်အားရရှိမှု	မရှိ		ဓါတ်အားလိုင်းနှင့်ချိတ်ဆက်နိုင်မှုမရှိခြင်း။
ဆိုလာစနစ်	၄၀	ကောင်း	
ရေအားလျှပ်စစ်	၃	ကောင်း	ချောင်းမကြီးချောင်းနှင့်ဓမ္မချီးချောင်းတို့တွင် ဒိုင်နမို မော်တာကို တပ်ဆင်၍အသုံးပြုခြင်း။

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

ကျွန်ုပ်တို့ကျေးရွာတွင် ဆိုလာမီးအသုံးပြုသော အိမ်ထောင်စုမှာ (၄၀) ရှိ၍ ရေအား လျှပ်စစ်အသုံးပြုသော အိမ်ထောင်စုမှာ (၃)စု ဖြစ်ပါသည်။ရေအားလျှပ်စစ်ကို ချောင်းမကြီး ချောင်းနှင့်ခမွေချိုးချောင်းများမှဒိုင်နမိုမော်တာအသုံးပြုခြင်းဖြစ်သည်။အစိုးရ၏မဟာဓါတ်အားလိုင်း နှင့် ချိတ်ဆက်နိုင်မှုမရှိပါ။

ကျေးရွာလုံးကျွတ်လျှပ်စစ်မီးလင်းစေရန် ရေအားလျှပ်စစ်ကို အသုံးပြုလျှင် လက်လှမ်းမှီမှု ရရှိနိုင်ပါသည်။

(၃.၉) တယ်လီဖုန်း၊ ကြေးနန်းနှင့် သတင်းအချက်အလက်ရရှိမှု

ကျေးရွာလူထုသည် တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ လက်ကိုင်ဖုန်းနှင့် ချိတ်ဆက်သော အင်တာနက်စနစ်များကို အသုံးပြုနိုင်ကြပါသည်။

ဇယား(၁၉) တယ်လီဖုန်း၊ရေဒီယို၊တီဗွီ နှင့်အင်တာနက် သုံးစွဲမှုဇယား

	တယ်လီဖုန်း နှင့် မိုဘိုင်းဖုန်း	**ရေဒီယို**	**တီဗွီ**	**အင်တာနက်**
အရေအတွက်	၁၄၀	၁၀	၅၀	၈၀

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှရရှိသော

သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

(၃.၁၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်ုပ်တို့ကျေးရွာသည် ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးနှင့်ဆိုင်သော အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်ကြပါသည်-

ဇယား(၂၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

အဖွဲ့အစည်း	**ဆောင်ရွက်မှု**	**အထောက်အပံ့၊ ဝန်ဆောင်မှုများ၊ လုပ်ငန်းများ**
လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု	တက်ကြွစွာဆောင်ရွက်ပါသည်။	လူမှုရေးရာနှင့်အရေးကြီးကိစ္စရေးရာ ဝန်ဆောင်မှုများ
ဘာသာရေးလုပ်ဆောင်မှုများ	တက်ကြွစွာဆောင်ရွက်ပါသည်။	ဘာသာရေးအခမ်းအနားများရေးရာ ဝန်ဆောင်မှုများ

အဖွဲ့အစည်း	ဆောင်ရွက်မှု	အထောက်အပံ့၊ ဝန်ဆောင်မှုများ၊ လုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများ	တက်ကြွစွာဆောင်ရွက်ပါသည်။	ကျေးရွာအဖွဲ့အစည်းများ
ယဉ်ကျေးမှုအမွေအနှစ်များ	ရိုးရာပွဲတော်များတွင်လူငယ်များ ဦးဆောင်ကြပါသည်။	

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

ကျွန်ုပ်တို့ကျေးရွာတွင် စာကြည့်တိုက်မှာ ရှိနေပြီးဖြစ်သော်လည်း ပြည့်စုံသောလေ့လာသင်ယူရေးနေရာတစ်ခုအနေနှင့် မရှိသေးပေ။ ထို့ကြောင့် စာကြည့်တိုက်တွင် စာအုပ်၊စာပေများမှာ လိုအပ်လျက်ရှိနေပါသည်။

ကျေးရွာရှိလူငယ်များမှာ ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြပြီး စည်းလုံးညီညွတ်မှု ရှိကြပါသည်။ အမျိုးသမီးငယ်များ အနေဖြင့်လည်းရွာ၏ သာရေး၊ နာရေးကိစ္စများတွင် တက်ကြွမှုမှာ အတိုင်းအတာ တစ်ခုအထိ ကောင်းမွန်မှု ရှိပါသည်။

(၃.၁၁) လုံခြုံရေးနှင့်ပြည်သူ့ဘေးကင်းလုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ ပြည်သူလူထုဘေးကင်းလုံခြုံပါသည်။ ရဲစခန်းမှာ ရေနီတွင်ရှိ၍ လက်လှမ်းမှီမှု ရှိပါသည်။ ပြည်သူ့စစ်အနေဖြင့် ကျေးရွာ၏ လုံခြုံမှုအတွက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ ကျေးရွာတွင် အရံမီးသတ်တပ်ဖွဲ့ရှိပါသည်။

(၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် အဟန့်အတားများ

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရန်အတွက် အဓိကအချက်များမှာ ကျင့်သုံးသည့်မဟာဗျူဟာနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်သည့်အဖွဲ့အစည်းတို့ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ဒေသတွင်းတွေ့ကြုံရသေအခက်အခဲများ၊ဂင်းအခက်အခဲများကိုဖြစ်စေသောအကြောင်းတရားများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ပေးသောအချက်များ၊ အဟန့်အတားဖြစ်စေသောအချက်များ၊ ကျော်လွှားရမည့်အခက်အခဲများ၊ ကျင့်သုံးရမည့်ဗျူဟာများနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကိုချမှတ်ထားပါသည်။(ဇယား ၂နှင့်အောက်ခြေတွင်လုပ်ကိုင်ရမည့်စီမံကိန်း

များနှင့် လုပ်ငန်းများကိုကြောင်းကျိုးဆက်စပ်တည်ဆောက်ထားသော ဖွံ့ဖြိုးရေးကွင်းဆက်သဘောတရားများကို ဖော်ပြထားပါသည်။)

ပြဿနာအခက်အခဲများနှင့် ၎င်းတို့ကိုဖြစ်စေသော အခြေခံအကြောင်းတရားများကို အခန်း(၃)တွင် ဆန်းစစ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခန်းတွင် ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသောအကြောင်းအရာများကို အဓိကထားတိုးမြှင့်လုပ်ဆောင်၍ ဖွံ့ဖြိုးရေးကို တားဆီးသောအဟန့်အတားများကို သတိပြုကျော်လွှားကာ အောက်ခြေတွင်ကျင့်သုံးရမည့် ဗျူဟာ၊ အစီအစဉ်နှင့် စီမံကိန်းများကို လုပ်ဆောင်ခြင်းဖြင့် တိုးမြှင့်ဆောင်ရွက်သွားရပါမည်။

ဇယား(၂၁) ဖွံ့ဖြိုးရေးကို တားဆီးသောအဟန့်အတားများ

စဉ်	ဖွံ့ဖြိုးရေးဆိုင်ရာပံ့ပိုးပေးသောအချက်များ	အဟန့်အတားများ
၁	**စိုက်ပျိုးရေး(သီးနှံ)** • ကွမ်းရွက်သည်အလားလာကောင်းသောသီးနှံဖြစ်ခြင်း • ဖာလာစိုက်ပျိုးခြင်းမှဝင်ငွေအမြောက်အများရရှိနိုင်ခြင်း • ဥယျာဉ်ခြံသီးနှံများအတွက်ရာသီဥတုသင့်လျော်ခြင်း	• ပင်လယ်ရေမျက်နှာပြင်အထက် ၂၂၀၀ ပေအထက်တွင်ရှိခြင်းကြောင့်လယ်ယာမြေမှာအကန့်အသတ်ရှိပါသည်။ • သဘာဝမိုးရေကိုသာအမှီပြုရပြီးဆည်သွင်းရေကိုမသုံးစွဲနိုင်ခြင်း
၂	**လမ်းပန်းဆက်သွယ်ရေး** • ရာသီတိုင်းတွင်ကတ္တရာလမ်းအသုံးပြုနိုင်ခြင်း	• မိုးတွင်းကာလတွင်မိုးရေကြောင့် ရွာလယ်လမ်းအားရေတိုက်စားခြင်း
၃	**ပညာရေး** • ကျေးရွာအတွင်းမူလတန်းကျောင်းရှိနေခြင်း	ကျောင်းတွင်းသင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း။
၄	**ကျန်းမာရေး** • ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းရှိခြင်း	• ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းတွင်ဝမ်းဆွဲဆရာမတစ်ဦးသာရှိခြင်း • ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းပြုပြင်ထိန်းသိမ်းမှုစရိတ်အတွက်ကျေးရွာရံပုံငွေမရှိခြင်း

စဉ်	ဖွံ့ဖြိုးရေးဆိုင်ရာပံ့ပိုးပေးသော အချက်များ	အဟန့်အတားများ
၅	**ရေရရှိမှု** • တစ်နှစ်ပတ်လုံးချောင်းရေစီးဆင်းနေခြင်း	• ရေသွင်းစိုက်ပျိုးနိုင်ခြင်းမရှိ။
၆	**နည်းပညာပိုင်းဆိုင်ရာလက်လှမ်းမှီမှု** • GSM, WCDMA မိုဘိုင်းဖုန်းများ သုံးစွဲနိုင်ခြင်း။	• လယ်ယာထွက်ကုန်ထုတ်လုပ်ခြင်း၊ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ခြင်းနှင့်ရောင်းဝယ်ခြင်းတို့အတွက် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုတို့ကို လက်လှမ်းမမှီခြင်း

ရည်ညွှန်း။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်း အချက်အလက်များ (၂၇-၂၉၊ မေလ၊ ၂၀၁၅)

(၅) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(၅.၁) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းချက်များချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်-

(က) ဥယျဉ်ခြံမြေမှ ငွေဖြစ်လွယ်သောသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာခြင်းနှင့် ကျွဲ၊နွား တိရိစ္ဆာန် တိုးပွားလာခြင်းအပြင် လယ်ယာ ထုတ်ကုန်များကိုရောင်း/ဝယ်မှု၊ ကုန်ကြမ်းမှ ကုန်ချော အဆင့်မြှင့်တင်မှု တို့ဖွံ့ဖြိုးတိုးတက် လာခြင်းတို့မှတဆင့် ကျေးရွာလူထု၏ ဝင်ငွေတိုးတက်စေရန်၊

(ခ) သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုစွမ်းရည်နှင့် ဗဟုသုတများဖွံ့ဖြိုး တိုးတက်မှုမှ တဆင့် ကျေးရွာ၏စိုက်ပျိုးရေးဂေဟစနစ် ပတ်ဝန်းကျင် တည်ငြိမ်မှုတိုးတက်စေရန်။

(၅.၂) နည်းဗျူဟာ

အထက်ဖော်ပြပါရည်မှန်းချက်များကို ရောက်ရှိနိုင်ရန်အောက်ဖော်ပြပါ နည်းဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) ငွေဖြစ်လွယ်သောသီးနှံထုတ်လုပ်ခြင်းကိုဖွံ့ဖြိုးတိုးတက် အောင်လုပ်ဆောင်ရာတွင် တစ်ဧက အထွက်နှုန်းတိုးတက်စေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး တိုးတက်လာသောလယ်ယာလုပ်ကိုင်မှုစနစ်နှင့် အကျွမ်းတဝင် ရှိအောင် ဗဟုသုတနှင့်စွမ်းဆောင်ရည်များတိုးတက်လာအောင် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

(ခ) ကျွဲ၊နွား၊ဝက်တိရိစ္ဆာန်များ တိုးပွားလာအောင်လုပ်ဆောင် သွားမည်ဖြစ် ပါသည်။

(ဂ) ဘဏ္ဍာငွေသုံးစွဲနိုင်ရန်အတွက် အသေးစားငွေချေးစနစ်နှင့် ကျေးရွာရံပုံငွေ ထူထောင်ခြင်းများကို ချိတ်ဆက်လုပ်ဆောင်သွားပါမည်။

(ဃ) ဝင်ငွေတိုးပွားလာရေးလုပ်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဟင်းသီးဟင်းရွက်၊ သစ်သီးများပြုပြင်မွမ်းမံရောင်းချခြင်းနှင့် ဆေးဝါး ဖော်စပ်နိုင်သောအပင်နှင့် သစ်သီးများစုဆောင်ခြင်းစသည့် လယ်ယာ အခြေပြုစက်မှုလုပ်ငန်းငယ်လေးများ ပေါ်ထွန်းလာစေရန် ဆောင်ရွက် သွားပါမည်။

(င) ပတ်ဝန်းကျင်ဆိုင်ရာဂေဟစနစ်ညီညွတ်မှုတနေစေရန် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးမှုကို အားပေးခြင်း၊ တစ်ဦးတည်းပိုင်နှင့်အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ခြင်း၊ ဇီဝမျိုးစိတ်များကာကွယ်ထိန်းသိမ်းခြင်းနှင့် စနစ်တကျ အမှိုက်စွန့်ပစ်မှု တို့ကို အားပေးမှုများ လုပ်ဆောင် သွားပါမည်။

၆။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့် မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(၆.၁) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာအထောက်အပံ့ဖြင့် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ စီမံကိန်းကို စောင့်ကြည့်စိစစ်ရာတွင် ကျွန်တော်တို့စီမံကိန်း၏ ရပ်ဝတ္တုပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာတိုးတက်မှုတို့ကို သုံးလတစ်ကြိမ် စောင့်ကြည့်အကဲဖြတ်သွားမည်ဖြစ်ပါသည်။၄င်းအပြင်ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့်အစီအစဉ်များကိုလည်း အခါအားလျော်စွာ အဆင့်မြှင့်တင်သွားမည်ဖြစ်ပါသည်။

(၆.၂) စိုက်ပျိုးရေးနှင့်ဆည်မြောင်းရေပေးဝေမှု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း လယ်ယာကဏ္ဍအတွက်လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများနှင့်နည်းပညာ အကူအညီများကို ထောက်ပံ့ပေးရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ၏ လယ်ယာကုန်ထုတ်လုပ်မှု မြင့်မားခြင်းသည် စိုက်ပျိုးရေး သွင်းအားစုများရရှိနိုင်မှုနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ လက်ခံကျင့်သုံးမှုတို့နှင့် များစွာဆက်စပ်နိုင် ပါသည်။ အဓိကသွင်းအားစုများမှာ မြေ၊ ရေ၊ လုပ်သား၊ ကျွန်းတိရိစ္ဆာန်၊ မျိုးစေ့၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်း၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများဖြစ်ပါသည်။ ၄င်းတို့အထဲမှ ရေအရင်းအမြစ် သည်ကျွန်တော်တို့ ကျေးရွာ သို့မဟုတ် လယ်ယာကဏ္ဍအတွက်များစွာအရေးကြီးပါသည်။ နှစ်တစ်နှစ်၏အချို့လများတွင် မုတ်သုန်မိုးရွာသွန်းမှုသည် မိုးရေကြောင့်မြေတိုက်စားမှုများရှိသော်လည်း ရေလုံလောက်မှုကိုဖြစ်စေပါသည်။ သို့သော်လည်း ခြောက်သွေ့သောလများတွင် မုတ်သုန်မိုးရေမလုံလောက်သဖြင့် ရေသွင်းစိုက်ပျိုးနိုင်ရန် လိုအပ်ပါသည်။ စိုက်ပျိုးရေလုံလောက်မှုရှိလျှင်ကျေးရွာ၏ လယ်ယာထွက်ကုန်ထုတ်လုပ်မှု တိုးမြှင့်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေသွင်းနိုင်သောနေရာများကို ထပ်မံတိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၆.၃) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏စိုက်ပျိုးစရိတ်ချေးငွေသည်လည်းအသေးစား၊ အလတ်စားနှင့်အကြီးစား လယ်သမားများ၏ ဘဏ္ဍာရေးလိုအပ်ချက်ကို ဖြည့်စွမ်းပေးရန်မှာ လည်းအရေးကြီးပါသည်။ ချေးငွေကိုအကန့်အသတ်ဖြင့်သာ ရရှိခြင်းသည် ကျွန်ုပ်တို့၏ ထုတ်လုပ်မှု တိုးတက်ရန်ကိုများစွာ အတားအဆီးဖြစ်စေပါသည်။ ချေးငွေမရရှိမှုက လယ်သမား များအတွက် ခါတ်မြေညြှာများနှင့် အခြားသွင်းအားစုများသုံးစွဲနိုင်မှုကို အခက်အခဲဖြစ်စေ ပါသည်။ သို့ဖြစ်ပါသောကြောင့် ဘဏ်များအနေဖြင့် လယ်သမားများကို သင့်တင့်မျှတသော အတိုးနှုန်းထားဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးရန်လိုအပ်ပါသည်။

(၆.၄) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျွန်ုပ်တို့ရွာတွင် အလားလာရှိသောထုတ်ကုန်များစွာရှိပါသည်။ အထူးသဖြင့် ကွမ်းရွက် နှင့်ဖာလာသည် အကျိုးအမြတ်ရှိသော စီးပွားရေးလုပ်ငန်းများဖြစ်ရန် အလားအလာကောင်းများ ရှိပါသည်။နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ် ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

(၆.၅) လူသားစွမ်းဆောင်ရည်တည်ဆောက်ခြင်း

မြေကြီး၊ အလုပ်သမားနှင့် အရင်းအနှီးသည် ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အတွက်များစွာအရေးကြီးပါသည်။ မြေကြီးနှင့် အရင်းအနှီးသည် ၄င်းတို့၏ စွမ်းဆောင်နိုင်မှု အကန့်အသတ်ရှိသော်လည်း အလုပ်သမားသို့မဟုတ် လူသား၏ စွမ်းဆောင်နိုင်မှုမှာ အကန့် အသတ်မရှိသည်ကို တွေ့ရှိရပါသည်။ ကျွန်တော်တို့၏ စွမ်းဆောင်ရည်မြင့်မားလျှင် ကျွန်တော် တို့၏ ထုတ်လုပ်နိုင်စွမ်းအားလည်း တိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ကျွန်တော်တို့သည် အစိုးရ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်း နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းတို့ ၏ အထောက်အပံ့ဖြင့် အသိပညာများနှင့်နည်းပညာများကို သင်ယူခြင်းဖြင့် ကျွန်နုပ်တို့၏စွမ်းဆောင်ရည်ကို မြှင့်တင်မှုပြုလုပ်ရန်လိုအပ် နေပါသည်။

၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

ဇယား (၂၂) - ကျေးရွာလူထု အစည်းအဝေးတွင် သဘောတူသတ်မှတ်သော ဦးစားပေးစီမံကိန်း လုပ်ငန်းများ

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ဦးစားပေး ရမှတ်	ဦးစားပေး အဆင့်
သီးနှံထုတ်လုပ်ရေး	ဥယျာဉ်သီးနှံတိုးချဲ့ စိုက်ပျိုး ထုတ်လုပ်ရေး	၆၆	၃
မွေးမြူရေး	ကျွဲနွား၊ဝက်များစီးပွားဖြစ်မွေးမြူခြင်း		
ဌေရေးကြေးရေး			
ချေးဌေ	စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းနှင့်စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများအတွက် ချေးဌေစနစ်များ စနစ်တကျဖွံ့ဖြိုး တိုးတက်လာစေရန်။	၆၅	၄
ပညာရေး	မူကြိုကျောင်းဆောက်လုပ်ပေးခြင်း၊ စာသင် ကျောင်းအခန်းကန့်ခြင်း	၅၆၇	
ကျန်းမာရေး	ကျန်းမာရေးဆေးပေးခန်းပြန်လည် ဆောက်လုပ်ခြင်း	၇၃	၂
ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား	လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီစဉ်	၄၀	၈
အခြေခံအ ဆောက်အဦး			
လမ်း	လယ်တောသို့သွားရာ လမ်းပြုပြင်ခြင်း	၆၃	၆
လျှပ်စစ်	မီးစက်တစ်လုံးဝယ်ရန်ချောင်းမကြီးချောင်း နှင့်ချိတ်ဆက်၍ရေအားလျှပ်စစ်တည် ဆောက် ရန်	၆၄ ၉၆	၅ ၁

၈။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာဗျူဟာ(Budget and Financing Strategy)

စီမံကိန်းရန်ပုံငွေတွက်ချက်အသုံးပြုရာတွင် အောက်ပါအတိုင်းအမျိုးအစားအုပ်စု (၂) မျိုးကိုအခြေခံ၍ စီမံခန့်ခွဲနိုင်ပါမည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)

စီမံကိန်းဆောင်ရွက်ရာတွင် ရံပုံငွေထည့်ဝင်မှု ဆိုင်ရာအရသတ်မှတ်ရာတွင် ဤအုပ်စုသတ်မှတ်နည်းဖြင့် စီမံခန့်ခွဲပါသည်။ ဥပမာ-ဤစီမံကိန်းဘတ်ဂျက်သည်

(က) မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊

(ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economicclassification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်-

(က) သာမန်အသုံးစရိတ်(current expenditure)ဥပမာ-လစာ၊နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ဌားရမ်းခစသည်များ၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်(capital expenditure) ။
ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့်ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ

(ဂ) စွမ်းရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Building Expenditure) ဥပမာ- ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်။

အထက်ပါနည်းလမ်း(၂)မျိုးဖြင့်အုပ်စုခွဲခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classificationသည် ဝန်ကြီးဌာန၊ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သောစီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classificationသည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလာဒ်ဖြစ်ထွန်းမှုများအားအကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံကိန်းအလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော

ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖေါ်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာလုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

ဇယား(၂၃)-စီမံကိန်းဘတ်ဂျက်

စဉ်	စီမံကိန်း	ရံပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	အထွေထွေရင်းနှီးမြှုပ်နှံမှု	အရေးပေါ်အထောက်အပံ့
၁	ကျေးရွာမီးလင်းရေး					
၂	ကျေးလက်ဆေးပေးခန်း					
၃	သီးနှံရိတ်သိမ်းစရိတ်					
၄	မီးစက်တစ်လုံးဝယ်ရန်					
၅	ရွာလယ်လမ်းကျောက်ခြောလမ်းဖောက်ရန်					
၆	စိုက်ပျိုးရေးသင်တန်း					
၇	မွေးမြူရေးအတွက်အရင်းအနှီးရရှိရန်					
၈	စာသင်ကျောင်းအခန်းကန့်ရန်					
၉	ကျောင်းရှေ့မြေထိန်းနံရံပြုလုပ်ရန်					
၁၀	မူကြိုကျောင်း					

၉။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း (plan monitoring and assessment)

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ်စစ်ဆေးသုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊
- ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၄င်းတို့၏အကျိုးရလဒ်များကို ကျွန်ုပ်တို့ ရှင်းလင်းစွာ နားလည်သဘောပေါက်လာမည်။
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကိုဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေးဖြေရှင်းရမည်များ ကိုသတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသောစီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍အသုံးပြုနေသောဖွံ့ဖြိုးရေးဗျူဟာကိုချိန်ညှိနိုင်ခြင်းအားဖြင့်သင့်လျော်သောဖွံ့ဖြိုးရေးအစီအစဉ်များရွေးချယ်ဆောင်ရွက်နိုင်ရန်၊
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ လိုအပ်သောဖွံ့ဖြိုးရေးအကူအညီများတိတိကျကျသတ်မှတ်နိုင်ရန်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၉-၁)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့်

သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက် အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါမည်။(၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။၄င်းအစီရင်ခံစာတွင်အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊လိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(၉-၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲတွင်အောက်ပါအချက်များအပေါ် အဓိက အလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သောအဓိကလက်ငင်းရလာဒ်များနှင့် အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ်အကျိုးသက်ရောက်မှုများအား အကဲဖြတ်သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက်ဗဟိုအဆင့်မှကူညီအားဖြည့်ရမည့် မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များလိုအပ်မှုအခြေအနေ၊
- ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုမှရရှိသောသင်ခန်းစာများ(အခြားရွာများနှင့် အခြားဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)၊
- ဘတ်ဂျက်ရရှိမှုနှင့် လုံလောက်မှုအခြေအနေ၊
- အကြံပြုသုံးသပ်ချက်များ။

နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲအစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကအနှစ်ချုပ်ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့် အကြောင်းအရာနှင့် စိန်ခေါ်မှုများ၊
- ပြုပြင်ဆောင်ရွက်ရမည့်အဆိုပြုအစီအစဉ်၊
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီစသည်တို့ ဖြစ်ပါသည်။

(၉-၃) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁၀-၁)ကျေးရွာလူထု (လူထုခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း

ပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်းအထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)။

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ် သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၁။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း (Scheme)များလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ နည်းစနစ်များ

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သောနည်းလမ်း (Participatory Process) ဖြင့်ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည်ဖော်မှု အဆင့်တိုင်း၌ လူတန်းစားအလွှာအသီးသီး၊ လူတန်းစားမရွေးထိရောက်စွာ ပါဝင်ခွင့်ရရှိရေးပင်ဖြစ်ပါသည်။ သို့မှသာ လူထုကစီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ် ရှိလာပါမည်။ လူထု၏ပိုင်ရှင်စိတ်ဓာတ်ရှိလေလေ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (Scheme) များ

လုပ်ငန်း လည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှုကောင်းလေလေဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများလည်ပတ်စရိတ်၊ ပြုပြင်စရိတ်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှုမရှိလျှင် တည်ထောင်ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း များမတည်မြဲနိုင်ပါ။

ကျွန်ုပ်တို့ အောင်ဘိသိတ်ကျေးရွာတွင် အောက်ပါဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်သိမ်းရေးတို့ကိုဆောင်ရွက်ရပါမည်-

စဉ်	ကဏ္ဍ	လုပ်ငန်း
၁	စီးပွားရေးကဏ္ဍ	• ချေးငွေလက်လှမ်းမီရေး • စိုက်ပျိုး/မွေးမြူရေးသင်တန်းများ
၂	လူမှုအဆောင်အဦများ	• ကျန်းမာရေးဆေးပေးခန်းပြုပြင်ရေး • မီးလင်းရေး • ဘောလုံးကွင်းပြုပြင်ရေး
၃	လမ်းပန်းဆက်သွယ်ရေး	• ရွာလယ်လမ်းပြုပြင်ခြင်း

အထက်ဖော်ပြပါဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘာဝများမှာ လုပ်ငန်းအလိုက်ကွဲပြားပါသည်။ ထို့ကြောင့်လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။

နောက်ဆက်တွဲ(၁) နောက်ဆက်တွဲဇယားများ

နောက်ဆက်တွဲ(၁။က) ပျဉ်းမနားမြို့နယ်၊ အောင်ဘိတ်သိတ်ကျေးရွာ၏ ဥစ္စာဓနအဆင့်ခွဲခြားခြင်း

ပိုင်ဆိုင်မှုအဆင့်အတန်း	(က)အဆင့်အတန်း (ချမ်းသာ)	(ခ)အဆင့်အတန်း (အသင့်အတင့်)	(ဂ)အဆင့်အတန်း (ဆင်းရဲ)	(ဃ)အဆင့်အတန်း (အလွန်ဆင်းရဲ)
အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းပုံစံ	• မြေရှင် • ကုန်သည်ကြီး	•အလယ်အလတ် လယ်သမား •ပန်းရံခေါင်းဆောင် •လက်သမားအတတ်ပညာရှင် •အလယ်အလတ်တန်း	• အငယ်စားလယ်သမား • ပန်းရံလက်မှုလုပ်ငန်းလုပ်သူ	• လယ်မဲ့/ယာမဲ့ • နေ့စားလုပ်သား • လက်မှု • ခေါင်းရွက်ဗျက်ထိုးဈေးသည်

		ကုန်သည်		
အသက်မွေးမှုကိရိယာပိုင်ဆိုင်မှု	• လက်တွန်းထွန် စက် • ကုန်စုံဆိုင်	• အလတ်စားကုန်စုံဆိုင်	• အသက်မွေးကိရိယာ–(တံစဉ်)	လက်မဲ့
လယ်ယာမြေပိုင်ဆိုင်မှု	• (၁၈)ဧက အထက်	• (၅-၉)ဧကထိ	• (၁-၄) ဧက အောက်	မြေယာမဲ့
အိမ်ပုံစံ	• နှစ်ထပ်အိမ် • ပျဉ်ခင်း • အုတ်နံရံ • သွပ်မိုး	• နှစ်ထပ်အိမ် • ပျဉ်ခင်း • ပျဉ်ကာ • သွပ်မိုး	• တစ်ထပ် • ပျဉ်ခင်း • ဝါးကပ်ကာ • သွပ်မိုး	• တစ်ထပ် • ပျဉ်/ဝါးခင်း • သွပ်/သပ်ကယ်မိုး
ဝင်ငွေ	• ကောင်း	• သင့်တင့်	• နည်းပါး	• အလွန်နည်းပါး
အိမ်ထောင်စုပေါင်း	၃	၁၃	၂၃	၃၈

ဇယား (၁။ခ) ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံကိန်း
	<u>ကျန်းမာရေးနှင့်အာဟာရ</u> • ကျန်းမာရေး စောင့်ရှောက်မှု အားနည်း	• ပြုပြင်ထိန်းသိမ်းသည့် အစီအစဉ် မရှိခြင်း။ • ကျန်းမာရေးနှင့် ပတ်သက်သော အသုံးအဆောင် ဆေးဝါးများမ ရှိခြင်း။ • ကျန်းမာရေး ဆရာမလုံလောက် စွာမရှိခြင်း။	• ရွာအတွင်းမိခင်နှင့် ကလေးအဖွဲ့ဖွဲ့စည်း ထားရှိပြီးဖြစ်ခြင်း၊	• အဖွဲ့အစည်း များနှင့်ချိတ် ဆက်မှုအား နည်းခြင်း၊ • ကျေးရွာသား များရန်ပုံငွေ မတတ် နိုင်ခြင်း။	• ပြင်ပအကူအညီ ပေးမည့်အဖွဲ့အ စည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ • ကျေးလက် ဆေးပေးခန်း အသစ်ဆောက် လုပ်ပေးခြင်း။	• ကျေးလက်ဆေး ပေးခန်းအသစ် ဆောက်လုပ်ပေး ခြင်း။
	မွေးမြူရေးလုပ်ငန်း • ဝက်မွေးမြူရေးမှ အကျိုးအမြတ်နည်း၊ ဝင်ငွေနည်း	• မွေးမြူရေးအတွက် ချေးငွေ ရရှိရန် ခက်ခဲခြင်း။ • ရောဂါကျရောက်	• ဝက်စာများအလွယ် တကူ ရရှိနိုင်ခြင်း၊ • ဈေးကွက်ကောင်း	• ဌာနဆိုင်ရာ များ၊အဖွဲ့ အစည်းများ၊	• ဌာနဆိုင်ရာ များ၊အဖွဲ့အ စည်းများ၊	•မွေးမြူရေးရန်ပုံငွေ ထူထောင် ခြင်း၊ • မွေးမြူရေးနည်း

		(ရာသီအလိုက်) • နည်းပညာ၊အသိပညာနည်းပါး	မွန်ခြင်း၊ • တိ/မွေးကုဉီးစီးဌာနရှိခြင်း	ဘဏ်များနှင့် အချိတ်အဆက်အားနည်းခြင်း၊	ဘဏ်များနှင့် ချိတ်ဆက်ခြင်း • မွေးမြူရေးရန်ပုံငွေထူထောင်ခြင်း၊ • နည်းပညာသင်ယူပေးခြင်း၊	ပညာသင်တန်း
	စိုက်ပျိုးရေး • စပါးစိုက်ပျိုးခြင်းမှ ဝင်ငွေနည်းပါး ခြင်း။	• သီးနှံရိတ်သိမ်းကာလတွင်လုပ်သားအင်အားမလုံလောက်ခြင်း။ • ရိတ်သိမ်းကာလတွင်ရင်းနှီးငွေနှင့် ချေးငွေများရယူနိုင်မှုမရှိခြင်း။	• ချောင်းမကြီးချောင်းမှရေရရှိနိုင်ခြင်း။ • ဆည်မြောင်းဉီးစီးဌာနရှိခြင်း။	• ဓေတ်မီစိုက်ပျိုးရေးနည်းပညာများကိုအသုံးချမှုအားနည်းခြင်း။	• စိုက်ပျိုးရေးနည်းပညာသင်တန်းများပေးရေး။ • ဆည်မြောင်းဉီးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	ချေးငွေပေးသည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ စိုက်ပျိုးရေးနည်းပညာသင်တန်းပို့ချခြင်း။
	လျှပ်စစ်မီး • အိမ်ထောင်စု (၄၀) ခန့်မှာလျှပ်စစ်မီး မသုံးစွဲနိုင်သေးခြင်း။	• လျှပ်စစ်မီးတပ်ဆင်စရိတ်မြင့်မားနေသေးခြင်း။	• ချောင်းမကြီးချောင်းနှင့်ချိတ်ဆက်၍ရေအားလျှပ်စစ်	ကျေးရွာအတွင်းတွင် ရွာပြင်ပရှိအဖွဲ့အစည်း	လျှပ်စစ်ဉီးစီးဌာနနှင့်ချိတ်ဆက်၍ဆောင်ရွက်ရန်။	ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် ကျေးလက်

		• ကိုယ်ထူကိုယ်ထ စနစ်ဖြင့်မထူ ထောင်နိုင် ခြင်း။	ဆောင်ရွက်နိုင်။	များနှင့်ချိတ် ဆက်မှုအား နည်းခြင်း။		ဦးစီးဌာနနှင့်ပူးပေါင်း ၍ ဆောင်ရွက်ရန်။
	အခြေခံအဆောက်အဦး များ လယ်ကွင်းသို့သွားရာ လမ်းမကောင်းခြင်း။	• မြေနီလမ်းဖြစ်၍ ပြုပြင်ထိန်းသိမ်းမှု မရှိခြင်း။	• ကျောက်ချောလမ်း ခင်းရန်အတွက်ရွာ တွင်းရန်ပုံငွေရနိုင် ခြင်း။	• ရွာသူရွာသား အချင်းအချင်း ညှိနှိုင်းလုပ် ဆောင်မှုအား နည်း။	• ရွာတွင်းကော်မ တီအဖွဲ့များမှရံပုံ ငွေထူထောင် ခြင်း။	• ကျောက်ချောလမ်း • ပြုပြင်ခြင်း။
	<u>လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား</u> • ဖွံ့ဖြိုးတိုးတက်ရေး အတွက် လေ့လာ သင်ယူ သည့် အလေ့အထ အား နည်းခြင်း၊ • လူငယ်ဖွံ့ဖြိုးရေးအစီ အစဉ်များ စနစ် တကျ ဆောင်ရွက်မှု များမရှိခြင်း။	• လူငယ်ဖွံ့ဖြိုးရေးအ စီအစဉ်များ စနစ်တကျ ဆောင်ရွက်မှုများမ ရှိခြင်း။	• အင်တာနက်၊ ရုပ်သံမီဒီယာများ လက်လှမ်းမီခြင်း။	• လူငယ်ဖွံ့ဖြိုး ရေးစီမံကိန်း များသို့လက် လှမ်းမမီခြင်း။	• လူငယ်ဖွံ့ဖြိုးရေး ဟောပြောပွဲ၊ ဆွေးနွေးပွဲများ၊သ င် တန်းများ ဖန်တီးပေးပြီး လေ့လာသင်ယူလို သည့်စိတ်၊ အလေ့အထ၊ နည်းစနစ်များ တည်ဆောက်ရန်။	• ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ • ပျော်ပွဲရွှင်ပွဲများ၊ • အားကစားပွဲများ။